# ရှမ်းပြည်နယ်၏ အသေးစားချေးငွေလုပ်ငန်းဥပဒေ

## (၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃ ။)

## ၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

## (၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်)

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရှမ်းပြည်နယ်၏ အသေးစားချေးငွေလုပ်ငန်း ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ရှမ်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ရှမ်းပြည်နယ်ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(စ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသည့် အရာရှိကို ဆိုသည်။



ရှိသောချေးငွေမှတစ်ပါး အခြားမည်သည့်ချေးငွေကိုမဆို ဆိုသည်။

(ဈ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းများ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ကိုဆိုသည်။

(ဏ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသော အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ကိုဆိုသည်။

(တ) **မှတ်ပုံတင်စာရင်း** ဆိုသည်မှာ ဤဥပဒေအရ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းများ၏ လုပ်ငန်းဆိုင်ရာအချက်အလက်များ ရေးသားမှတ်တမ်းတင်ထားသည့် စာရင်းကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အတိုးကြီးယူသော အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းများ၏ အန္တရာယ်မှ ပြည်သူများကို ကာကွယ်ရန်၊

(ခ) တရားဝင်ငွေကြေး ဝန်ဆောင်မှုကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) သင့်တင့်သော အတိုးနှုန်းရှိသည့် ချေးငွေများဖြင့်

လူမှုစီးပွားဘ၀ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန်၊

(ဃ) ချေးငွေစာချုပ်များအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်စေရန်၊

(င) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းနှင့် ငွေချေးယူသူများ၏ ရပိုင်ခွင့်နှင့် တာဝန်များသတ်မှတ်ပေးရန်။

## အခန်း(၃)
## ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ပြည်နယ်အစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (င) | ပြည်နယ်ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ဦးစီးမှူး | အဖွဲ့ဝင် |
| (စ) | ပြည်တွင်းအခွန်များဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အတွင်းရေးမှူး |



(ဆ) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်သောဘဏ်ကိုဆိုသည်။

(ဇ) **သမဝါယမအသင်း** ဆိုသည်မှာ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ထားသည့် အသင်းကို ဆိုသည်။

(ဈ) **အတိုး** ဆိုသည်မှာ ထုတ်ချေးထားသော ငွေပေါ်တွင် အဖိုးစားနားအဖြစ် ပေးရသောငွေ သို့မဟုတ် ပစ္စည်းကိုဆိုသည်။

(ည) **ချေးငွေ** ဆိုသည်မှာ အတိုးဖြင့်ထုတ်ချေးသော ငွေ သို့မဟုတ် ပစ္စည်းကိုဆိုသည်။

(ဋ) **အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အသင်း** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းကို ဆိုသည်။

(ဌ) **ငွေရင်း** ဆိုသည်မှာ ချေးယူသူအား ထုတ်ချေးလိုက်သည့်ငွေ သို့မဟုတ် ပစ္စည်းကိုဆိုသည်။

(ဍ) **အာမခံရှိသောချေးငွေ** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်ကို အပေါင်ထား၍သော်လည်းကောင်း၊ ထိုပစ္စည်းပေါ်တွင်ရထိုက်ခွင့် သို့မဟုတ် ဆိုင်ရာဆိုင်ခွင့်ကို အာမခံထား၍သော်လည်းကောင်း ထုတ်ချေးသည့်ငွေကိုဆိုသည်။

(ပ) **အာမခံမရှိသောချေးငွေ** ဆိုသည်မှာ အာမခံ

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးအဖွဲ့ကို ဝန်ကြီး၏တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၄)
## ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၆။ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းများ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

( ခ) လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း၊

( ဂ) လိုင်စင်လျှောက်ထားသူက တင်ပြရန် သတ်မှတ်သည့် အထောက်အထားများကို စိစစ်ခြင်း၊

(ဃ) ချေးငွေပေါ်တွင် ခွင့်ပြုသည့်အတိုးနှုန်း သတ်မှတ်ခြင်း၊

( င) မှတ်ပုံတင်လျှောက်လွှာပုံစံနှင့် ထိုလျှောက်လွှာတွင်ပါရှိသည့်အကြောင်းအရာများသတ်မှတ်ခြင်း၊

( စ) မှတ်ပုံတင်ကြေးသတ်မှတ်ခြင်း၊

(ဆ) စည်းကမ်းလိုက်နာမှုမရှိသော အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းများကို စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်ခြင်း၊

( ဇ) အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အသင်းများကို အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်း၊

D/real(wide) (3



(ဃ) ပြစ်မှုမကင်းသောလုပ်ငန်း လုပ်ကိုင်သူမဖြစ်စေရ၊

( င) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာသူဖြစ်ရမည်။

( စ) လုပ်ငန်းလိုင်စင်ရယူသူ သို့မဟုတ် အသင်းသည် သတ်မှတ်ထားသော လိုင်စင်ကြေးကို သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ လိုင်စင်ခွင့်ပြုပြီး **၁၅ ရက်** အတွင်း ပေးသွင်းရမည်။

## အခန်း(၇)
## မှတ်ပုံတင်ခြင်း

၉။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းများအတွက် မှတ်ပုံတင်စာရင်းတစ်ခုထားရှိရမည်။

၁၀။ လိုင်စင်ရရှိသည့် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၁။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်လိုသူ သို့မဟုတ် အသင်းက လိုင်စင်ရရှိပြီး မှတ်ပုံတင်ခွင့်လျှောက်ထားလာသည့်အခါ စိစစ်၍သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး မှတ်ပုံတင် လက်မှတ်ထုတ်ပေးရမည်။

( ဈ) မှတ်ပုံတင်သူ၏ အမည်ပြောင်းလဲခွင့်ပြုခြင်းနှင့် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း။

## အခန်း(၅)
## အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းများ၏ အရေအတွက်သတ်မှတ်ချက်များ

၇။ ကြီးကြပ်ရေးအဖွဲ့သည်-

(က) သတ်မှတ်ထားသည့် လိုင်စင်ရောင်းချရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေ စာရင်းသို့ပေးသွင်းရမည်။

( ခ) လိုင်စင် လျှောက်ထားလာသည့်အခါ လိုင်စင် ထုတ်ပေးရမည့် နည်းလမ်းများနှင့်အညီ စိစစ်ပြီး မှန်ကန်ပါက လိုင်စင်ကို ထုတ်ပေးရမည်။

( ဂ) ပုဒ်မခွဲ (ခ) အရ လိုင်စင်ရသူသည် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကိုပေးသွင်း၍ ဤဥပဒေအရ မှတ်ပုံတင်ရမည်။

## အခန်း(၆)
## လိုင်စင်ထုတ်ပေးရမည့် နည်းလမ်းများ

၈။ ကြီးကြပ်ရေးအဖွဲ့သည် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသူကို လိုင်စင်ထုတ်ပေးရမည်-

(က) လုပ်ငန်းလိုင်စင် လျှောက်ထားသူ သို့မဟုတ် အသင်း ဖြစ်ရမည်။

( ခ) လိုင်စင်လျှောက်လွှာပုံစံပါ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်းရှိရမည်။

( ဂ) မြန်မာနိုင်ငံသားဖြစ်ရမည်။



( ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းဖြင့် ရရှိသော မှတ်ပုံတင်ကြေးများကို ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။

၁၂။ **ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)** အရ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်ဆက်တစ်စပ်တည်း **၁၂ လ** အထိ အတည်ဖြစ်သည်။

၁၃။ မှတ်ပုံတင်အရာရှိသည်-

(က) သက်တမ်းကုန်ဆုံးသည့် မှတ်ပုံတင်လက်မှတ်များကို စိစစ်ပြီး မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

( ခ) ကြီးကြပ်ရေးအဖွဲ့မှ ပယ်ဖျက်ရန် ညွှန်ကြားသည့် မှတ်ပုံတင်လက်မှတ်ကို ချက်ချင်းသိမ်းယူ၍ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

## အခန်း(၈)
## တားမြစ်ချက်များ

၁၄။ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းသည် ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်မရမချင်း အသေးစားချေးငွေလုပ်ငန်းအား စတင်ဆောင်ရွက်ခြင်း မပြုရ။

၁၅။ (က) အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အသင်းသည်-

(၁) ငွေချေးယူသူအသီးသီးအတွက် အောက်ပါ အကြောင်းအရာများ ဖော်ပြသော ငွေစာရင်းကို နည်းလမ်းတကျ ရေးမှတ်ထား ရှိရမည်-

(ကက) ချေးငွေထုတ်ပေးသည့် နေ့ရက်နှင့် စည်းကမ်းချက်များ၊ ထုတ်ပေးသည့်ငွေပေါင်း၊ တောင်းဆိုသည့် အတိုးနှုန်း၊ ထို့ပြင် အပေါင်ထားသည့်ပစ္စည်းများရှိလျှင် ထိုပစ္စည်းများ၊

( ခ ခ) ချေးငွေနှင့်စပ်လျဉ်း၍ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းမှရရှိသည့် ငွေအသီးသီးနှင့် ထိုငွေအသီးသီးကို ပေးဆပ်သည့်နေ့ရက်။

(၂) ငွေချေးယူသူထံ ငွေပေးလျှင် ငွေချေးယူသူက ငွေရကြောင်း လက်မှတ်ကို နည်းလမ်းတကျ လက်မှတ်ရေးထိုး၍ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်း သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်အားလည်းကောင်း၊ ငွေချေးယူသူထံမှ ပြန်ဆပ်ငွေကိုရလျှင် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းက သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်က ငွေရကြောင်း လက်မှတ်ကို နည်းလမ်းတကျ လက်မှတ်ရေးထိုး၍ ငွေချေးယူသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်အားလည်းကောင်း ထုတ်ပေးရမည်။



ထိုပစ္စည်းအကြောင်းအရာ ယေဘုယျဖော်ပြချက်နှင့်တကွ ထိုပစ္စည်းကို ငွေမည်မျှနှင့် အပေါင် သို့မဟုတ် အာမခံထားကြောင်း ဖော်ပြလျက် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းကဖြစ်စေ၊ ထိုသူ၏ကိုယ်စားလှယ်ကဖြစ်စေ လက်မှတ်ရေးထိုး၍ ငွေချေးယူသူအား ပေးရမည်။

(၆) ချေးငွေကို အပြေအကျေပေးဆပ်ပြီးလျှင် ပြီးချင်း ထိုချေးငွေကို ပြန်၍ ပေးဆပ်မှုအတွက် ရယူထားသော စာချုပ်စာတမ်းအသီးသီးနှင့်တကွ အပေါင် သို့မဟုတ် အာမခံပစ္စည်းအားလုံးကို ငွေချေးယူသူအား ပြန်ပေးရမည်။

( ခ) **ပုဒ်မခွဲ (က)**အရ ပေးအပ်သော ငွေစာရင်းတွင် ရေးသွင်းချက်များ၏ မိတ္တူမှန် သို့မဟုတ် ငွေစာရင်းရှင်းတမ်းမိတ္တူကို ငွေချေးယူသူအား ပေးရသည့်အတွက် အခကြေးငွေမတောင်းရ။

၁၆။ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းသည် တည်ဆဲဥပဒေတစ်ရပ်ရပ် သို့မဟုတ် ပဋိညာဉ်တွင် ဆန့်ကျင်ကွဲလွဲသည့်အချက် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေစတင်အာဏာတည်ပြီးနောက် ထုတ်ချေးသည့် ငွေများအတွက် နှစ်ထပ်တိုးမယူရ။

၁၇။ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းသည် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ရာတွင် ဖြည့်သွင်းရေးသားရန် ကွက်လပ်တစ်ခုခုချန်၍ စာချုပ်၊ စာတမ်းများကို ငွေချေး

ယူသူ သို့မဟုတ် ငွေချေးယူသူဖြစ်ရန် ကြံရွယ်သူထံမှ ယူမထားရ။

၁၈။ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းသည် မိမိလုပ်ကိုင်သည့် အသေးစားချေးငွေလုပ်ငန်းနှင့် စပ်လျဉ်းသည့် စာရင်းများကို အစစ်ဆေးခံရန် ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိသူကိုသာ တင်ပြရမည်။

## အခန်း(၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၉။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် အသေးစားချေးငွေ လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အသင်းအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊
(ခ) လုပ်ငန်းဆောင်ရွက်ချက်များကို ကန့်သတ်ချက်များပါဝင်သည့် အမိန့်များချမှတ်ခြင်း၊
(ဂ) ဒဏ်ကြေးပေးဆောင်စေခြင်း၊
(ဃ) လုပ်ငန်းကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊
(င) လိုင်စင်ပယ်ဖျက်ခြင်း။

၂၀။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေစတင်အာဏာတည်ပြီးနောက် **ပုဒ်မ ၂၉**နှင့် **ပုဒ်မ ၃၀**အရ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းက ပြစ်မှုကို ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ယင်းအသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်း၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည်။

D/real(wide) (6



(၃) ပုဒ်မခွဲငယ်(၁)၊ ပုဒ်မခွဲငယ်စိတ် (ကက) အရ ရေးမှတ်ထားသည့် ရေးသွင်းချက်များ၏ မိတ္တူမှန်တစ်စောင်ကို ချေးငွေထုတ်ပေးသည့်နေ့ရက်တွင် ငွေချေးယူသူအား သို့မဟုတ် ယင်း၏ကိုယ်စားလှယ်အား ပေးရမည်။

(၄) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းက သို့မဟုတ် ထိုသူ၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးသည့် ငွေစာရင်းရှင်းတမ်းတစ်ခုကို ငွေပြန်ဆပ်သည့်အချိန်တွင် ငွေချေးယူသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်အား ပေးရမည်။ ထို့ပြင် ထိုရှင်းတမ်းကို ရေးသားသည့်နေ့ရက်အထိ အရင်းနှင့် အတိုးအတွက် ထိုငွေချေးယူသူက ပေးဆပ်ရန်ကျန်ရှိနေသော ငွေပမာဏကို လည်းကောင်း၊ ထိုရှင်းတမ်းနှင့် သက်ဆိုင်သည့် အချိန်ကာလအတွင်းတွင် ချေးငွေနှင့် စပ်လျဉ်း၍ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်း ပြန်လည်ရရှိသည့် ငွေအသီးသီးနှင့် ထိုငွေအသီးသီး ပေးဆပ်သည့်နေ့ရက်ကို လည်းကောင်း၊ ထိုရှင်းတမ်း၌ ဖော်ပြရမည်။

(၅) အပေါင် သို့မဟုတ် အာမခံထားသည့် ပစ္စည်းအသီးသီးရရှိကြောင်း လက်မှတ်ကို

၂၁။ ကြီးကြပ်ရေးအဖွဲ့သည် **ပုဒ်မ ၁၉** နှင့် **ပုဒ်မ ၂၀** တို့အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်မချမှတ်မီ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းအား ခုခံချေပခွင့်ပေးရမည်။

၂၂။ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းသည် ကြီးကြပ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း **၃၀** အတွင်း ပြည်နယ်အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၃။ **ပုဒ်မ ၂၂** အရ အယူခံမှုတွင် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၂၄။ ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၀)
## တရားမမှုများ စွဲဆိုခြင်း

၂၅။ တည်ဆဲဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းသည် ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိလျှင် သို့မဟုတ် မှတ်ပုံတင်သက်တမ်းကုန်ဆုံးလျှင် သို့မဟုတ် မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရလျှင် မည်သည့် တရားရုံးတွင်မျှ ထိုချေးငွေကို ပြန်လည်ရရှိရန် တရားစွဲဆိုခွင့်မရှိစေရ။ သို့ရာတွင် မှတ်ပုံတင်သက်တမ်းတည်ရှိနေစဉ် ကာလအတွင်း အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ခဲ့သည့် ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။



(ခ) ယခင်က ငွေကြေးဆက်ဆံမှုကို အပြီးသတ်၍ တာဝန်အသစ်ဖြစ်လာအောင် ချုပ်ဆိုရာရောက်သော သဘောတူချက်တစ်ခုခုရှိစေကာမူ နှစ်ဦးနှစ်ဖက်သော အမှုသည်များက အချင်းချင်း ရှင်းလင်းပြီးဖြစ်သော စာရင်းတစ်ခုခုကို အသစ်ပြန်ဖွင့်ပြီးလျှင် အာမခံရှိသည့်ချေးငွေတွင်ဖြစ်စေ၊ အာမခံမရှိသည့် ချေးငွေတွင်ဖြစ်စေ တစ်နှစ်လျှင် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်းထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍ တာဝန်အားလုံးမှ ငွေချေးယူသူအား ကင်းလွတ်စေနိုင်သည့် အာဏာ၊

(ဂ) မည်သည့်ချေးငွေနှင့်မဆို စပ်လျဉ်း၍ ပေးသည့် အာမခံပစ္စည်းကို သို့မဟုတ် ပြုလုပ်သည့်သဘောတူညီချက်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပျက်ပြယ်နိုင်သည့် သို့မဟုတ် ပြင်ဆင်နိုင်သည့် သို့မဟုတ် လွှဲပြောင်းနိုင်သည့် အာဏာ၊ ထို့ပြင် အာမခံပစ္စည်းကို အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းက လက်လွှတ်ပြီး ဖြစ်လျှင် တရားရုံးက တရားသည် ထင်မြင်သည့်အတိုင်း ထိုသို့ တရားသည်ထင်မြင်သည်အထိ အသေးစား ချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းက ငွေချေးယူသူအား လျော်ကြေးပေးရန် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းအပေါ်တွင် အမိန့်ချမှတ်နိုင်သည့် အာဏာ၊

D/real(wide) (7

သို့ရာတွင် ဤအာဏာများကို သုံးစွဲရာ၌တရားရုံးသည်-

(၁) ယခင်ဆက်ဆံမှုများကို အပြီးသတ်၍ တာဝန်အသစ်ဖြစ်လာအောင် ချုပ်ဆိုရာရောက်သော်လည်း အမှုသည်များက သော်လည်းကောင်း၊ ထိုသူတို့အတွက် တစ်ဆင့် တောင်းဆိုသူများက သော်လည်းကောင်း အမှုကိုမစွဲဆိုမီ ခြောက်နှစ်ကျော်က ချုပ်ဆိုခဲ့ပြီးသော သဘောတူညီချက် တစ်ခုခုကို အသစ်ပြန်မဖွင့်ရ။

(သို့မဟုတ်)

(၂) ယခင်က အမှုတစ်ခုခုတွင် တရားရုံးက ချမှတ်ပြီးဖြစ်သည့် ဒီဂရီတစ်ခုခုကို ထိခိုက်အောင် မည်သည့်အရာကိုမျှ မပြုရ။ ထို့ပြင်လည်း အာမခံရှိသည့် ချေးငွေတွင်ဖြစ်စေ၊ အာမခံမရှိသည့် ချေးငွေတွင်ဖြစ်စေ၊ တစ်နှစ်လျှင်ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်းထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍ အရာတစ်ခုခုကိုပေးပြီးဖြစ်လျှင် သို့မဟုတ် ခွင့်ပြုပြီးဖြစ်လျှင် **ပုဒ်မခွဲ (က)** သို့မဟုတ် **ပုဒ်မခွဲ(ခ)**ပါစကားကြောင့် ယင်းသို့ ပို၍ပေးသည့် သို့မဟုတ် ခွင့်ပြုသည့် ငွေတစ်ရပ်ရပ်ကို ပြန်ပေးရန်သော်လည်းကောင်း၊ ငွေရင်းကို လျှော့ရန်



၂၆။ အာမခံရှိသည့် ချေးငွေဖြစ်စေ၊ အာမခံမရှိသည့်ချေးငွေဖြစ်စေ တစ်နှစ်လျှင် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်းထက်ပို၍ အတိုးအတွက် ဒီဂရီချမှတ်ခြင်းမပြုရ။

၂၇။ တည်ဆဲဥပဒေတစ်ရပ်ရပ် သို့မဟုတ် ပဋိညာဉ်တွင် ဆန့်ကျင်ကွဲလွဲသည့်အချက် မည်မျှပင်ပါရှိစေကာမူ မည်သည့်တရားရုံးကမျှ ဤဥပဒေ စတင်အာဏာမတည်မီကဖြစ်စေ၊အာဏာတည်ပြီးနောက်မှဖြစ်စေ ထုတ်ပေးသည့်ချေးငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မူလထုတ်ချေးသည့်ငွေရင်းနှင့် မပေးဆပ်သေးဘဲ ကျန်ရှိနေသည့် အတိုးထက်ပို၍ ဒီဂရီချမှတ်ခြင်းမပြုရ။ ထိုအတိုးမှာလည်း ပေးဆပ်ပြီးအတိုးတစ်ရပ်ရပ်နှင့်ပေါင်းလျှင် အဆိုပါငွေရင်းထက် မပိုစေရ။

၂၈။ ဤဥပဒေစတင်အာဏာမတည်မီက ထုတ်ပေးသည့် ချေးငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဥပဒေအာဏာမတည်မီက စွဲဆိုသည်ဖြစ်စေ၊ အာဏာတည်ပြီးနောက်မှ စွဲဆိုသည်ဖြစ်စေ၊ ထိုသို့စွဲဆိုသည့်အမှုတွင် သို့မဟုတ် ဆောင်ရွက်သည့်မှုခင်းတွင်သော်လည်းကောင်း၊ ထိုသို့သောအမှုမှ သို့မဟုတ် မှုခင်းမှဖြစ်ပေါ်သော အယူခံမှုတွင် သို့မဟုတ် ပြင်ဆင်မှုတွင်သော်လည်းကောင်း တရားရုံးသည် အောက်ဖော်ပြပါ အာဏာတစ်ရပ်ရပ်ကို သုံးစွဲနိုင်သည်-

(က) ငွေကြေးဆက်ဆံမှုကို အသစ်ပြန်ဖွင့်၍ နှစ်ဖက်သောအမှုသည်များနှင့် သက်ဆိုင်သည့် စာရင်းများကို ရှင်းပြီးလျှင် အာမခံရှိသည့်ချေးငွေတွင် ဖြစ်စေ၊ အာမခံမရှိသည့်ချေးငွေတွင်ဖြစ်စေ၊ တစ်နှစ်လျှင် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်းထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍ တာဝန်အားလုံးမှ ငွေချေးယူသူအား ကင်းလွတ် စေနိုင်သည့် အာဏာ၊

သော်လည်းကောင်း အသေးစားချေးငွေ လုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းအား ဆင့်ဆိုသည်ဟု မမှတ်ယူရ။

## အခန်း(၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၉။ မှတ်ပုံတင်ထားသည့် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းသည် **ပုဒ်မ ၁၅၊ ၁၆၊ ၁၇၊ ၁၈** ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ခြင်း ခံရမည်။

၃၀။ မည်သူမဆို **ပုဒ်မ ၁၄** ပါတားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

## အခန်း(၁၂)
## အထွေထွေ

၃၁။ **၁၉၄၅** ခုနှစ်၊ ငွေတိုးချေးစားသူများအက်ဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်အတည်ဖြစ်သည့် ကာလအပိုင်းအခြားသည် ဤဥပဒေအာဏာတည်သော နေ့ရက်မှစ၍ စေ့ကုန်သည်ဟု မှတ်ယူရမည်။



၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးအဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဒေါက်တာလင်းထွဋ်
ပြည်နယ်ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

D/real(wide) (9

၃၂။ ချေးငွေ ပဋိညာဉ်တစ်ခုခုတွင် သော်လည်းကောင်း၊ အပေါင် စာချုပ်တစ်ခုခုတွင် သော်လည်းကောင်း ဆန့်ကျင်ကွဲလွဲသည့်အချက် မည်သို့ပင်ပါရှိစေကာမူ အပေါင်ပစ္စည်း သို့မဟုတ် အာမခံပြုထား သည့်ပစ္စည်း ပြန်လည်ရွေးယူခွင့်ရှိသည့် ကာလအပိုင်းအခြားမှာ တည်ဆဲဥပဒေတွင် ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်သည့် အတိုင်းဖြစ်ရမည်။ ဤပုဒ်မပါ သတ်မှတ်ချက်များသည် တည်ဆဲ ဥပဒေနှင့်အညီ အပေါင်ဆိုင်လိုင်စင်ရသူထံ ပေါင်နှံထားသည့် ပစ္စည်းများနှင့် မသက်ဆိုင်စေရ။

၃၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ သို့မဟုတ် မြန်မာ နိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာဥပဒေ သို့မဟုတ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ လုပ်ကိုင်ခွင့်ပြုထားသည့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုချက်ရရှိထားခြင်းမရှိသူသည် ဤဥပဒေအရ လိုင်စင် ရယူရမည်။

၃၄။ **ပုဒ်မ ၂၉** နှင့် **ပုဒ်မ ၃၀** တို့အရ တရားစွဲဆိုရာတွင် ကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၅။ အသေးစားချေးငွေလုပ်ငန်းအား စစ်ဆေးရန်လိုအပ်သည့် အခြေအနေတွင် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ထိုအဖွဲ့မှ တာဝန် ပေးအပ်သောသူသည် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် သက်ဆိုင်သည့် ငွေစာရင်းနှင့် လုပ်ငန်းများကို စစ်ဆေးနိုင်သည်။

၃၆။ The Money Lenders Act, 1945 အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက် များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁။ | အခန်း (၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | ၃ |
| ၂။ | အခန်း (၂) | ရည်ရွယ်ချက် | ၃ | ၄ |
| ၃။ | အခန်း (၃) | ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း | ၄ | ၅ |
| ၄။ | အခန်း (၄) | ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ | ၅ | ၆ |
| ၅။ | အခန်း (၅) | အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အသင်းများ၏အရေအတွက် သတ်မှတ်ချက်များ | ၆ | ၆ |
| ၆။ | အခန်း (၆) | လိုင်စင်ထုတ်ပေးရမည့် နည်းလမ်းများ | ၆ | ၇ |
| ၇။ | အခန်း (၇) | မှတ်ပုံတင်ခြင်း | ၇ | ၈ |
| ၈။ | အခန်း (၈) | တားမြစ်ချက်များ | ၈ | ၁၂ |
| ၉။ | အခန်း (၉) | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၁၂ | ၁၃ |
| ၁၀။ | အခန်း (၁၀) | တရားမမှုများစွဲဆိုခြင်း | ၁၃ | ၁၇ |
| ၁၁။ | အခန်း (၁၁) | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၁၇ | ၁၇ |
| ၁၂။ | အခန်း (၁၂) | အထွေထွေ | ၁၇ | ၁၉ |


D/real(wide) (1

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရှမ်းပြည်နယ်လွှတ်တော်
တောင်ကြီးမြို့

# ရှမ်းပြည်နယ်၏
# အသေးစားချေးငွေလုပ်ငန်းဥပဒေ
# (၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃။)

ရှမ်းပြည်နယ်လွှတ်တော်က ထုတ်ဝေသည်။
၂၀၂၀ ပြည့်နှစ်

D/real(wide) (1